ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၈ ၊ အမှတ် ၁၀ | ၂၀၂၃ ခုနှစ် ၊ ဖေဖော်ဝါရီလ ၁ ရက်

## (၃၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အခမ်းအနား ကျင်းပပြုလုပ်ခြင်း




၂၀၂၃ ခုနှစ်၊ (၃၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အထိမ်းအမှတ်အဖြစ် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေက ဦးဆောင်၍ အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းများဖြင့် ဗဟန်းမြို့နယ်၊ မင်းကွန်းတောရကျောင်းတိုက်၌ သံဃာတော်နှင့် သီလရှင်တို့အား ၂၆-၁-၂၀၂၃ ရက်နေ့၊ နံနက် (၀၅:၃၀) နာရီအချိန်တွင် အရုဏ်ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ပြီး နံနက် (၀၉:၀၀) နာရီအချိန်မှ (၁၀:၀၀) နာရီအချိန်အထိ အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ ဇေယျာသီဟခန်းမ၌ (၃၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အကောက်ခွန်နေ့ အခမ်းအနားအား ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်ရှိ ဌာနအကြီးအကဲများ၊ အကောက်ခွန်ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း/အမှုထမ်းများ၊ ဆုရရှိသည့်ဝန်ထမ်းများနှင့် ဝန်ထမ်း သား/သမီးများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် တို့က အမှာစကား အသီးသီးပြောကြားခဲ့ပါသည်။






အခမ်းအနား၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မူလတန်း၊ အလယ်တန်း၊ အထက်တန်းတို့တွင် ပညာသင်ကြားလျက်ရှိသော ဝန်ထမ်းများ၏ သား/ သမီးများအား ပညာသင်စရိတ် ထောက်ပံ့ချီးမြှင့်ခြင်း၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးရရှိသောဝန်ထမ်းများ၏ သား/ သမီးများအား ပညာရည်ချွန်ဆုများ ချီးမြှင့်ခြင်း၊ သင်တန်းများ၌ ထူးချွန်ဆုရရှိသူများအား သင်တန်းထူးချွန်ဆုများ ချီးမြှင့်ခြင်း၊ ဌာနခွဲအလိုက် ဝန်ထမ်းစွမ်းဆောင်ရည် အကောင်းဆုံး ရွေးချယ်ခံရသူများအား ဝန်ထမ်းကောင်းဆုများ ချီးမြှင့်ခြင်း၊ လုပ်ငန်းစွမ်းဆောင်ရည် ထူးချွန်ပြောင်မြောက်စွာ ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုမှတ်တမ်းဆုနှင့် ချီးကျူးဂုဏ်ပြုဆုများ ချီးမြှင့်ခြင်း၊ ၂၀၂၃ ခုနှစ် (၇၅) ကြိမ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် အလံကိုင်ဂုဏ်ပြု စစ်ရေးပြတပ်ခွဲနှင့် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အသက် (၂၅) နှစ်အောက် အမျိုးသားဘောလုံး (ပြိုင်ပွဲ)တွင် ပထမဆု (တံခွန်စိုက်ဗိုင်း) ရရှိအောင် စွမ်းဆောင်ခဲ့သူများအား ချီးကျူးဂုဏ်ပြုလွှာချီးမြှင့်ခြင်းတို့ကို ပြုလုပ်ခဲ့ရာ ဆုရရှိသူများအား ရန်ကုန်တိုင်း ဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ် ဦးစိုးသိန်း၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က ဆုများချီးမြှင့်ပေးအပ်ခဲ့ပါသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အကောက်ခွန်သမိုင်းပြတိုက်အတွင်း လှည့်လည်ကြည့်ရှုခဲ့ရာ ညွှန်ကြားရေးမှူး ဦးမျိုးသီဟ က အကောက်ခွန် သမိုင်းပြတိုက်နှင့် စပ်လျဉ်း၍ ဆောင်ရွက်ခဲ့မှုများအား ရှင်းလင်းတင်ပြခဲ့ပြီး အကောက်ခွန်ဦးစီးဌာန(ရုံးချုပ်)၊ ရန်ကုန်တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနမှူးရုံးရှိ ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း ဦးဆောင်၍ သီလဝါ အထူးစီးပွားရေးဇုန်သို့ သွားရောက် စစ်ဆေးခဲ့ခြင်း



စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း သည် ၂၅-၁-၂၀၂၃ ရက်နေ့ နေ့လည်(၁၃:၀၀)အချိန်ခန့်တွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး) တို့နှင့်အတူ သီလဝါအထူးစီးပွားရေးဇုန်သို့ ရောက်ရှိလာခဲ့ပြီး သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးခန်းမတွင် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များနှင့် OSSC အဖွဲ့ဝင်ဌာနများအားတွေ့ဆုံခဲ့ပြီး တာဝန်ထမ်းဆောင်နေသူများအနေဖြင့် TSEZ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ရင်းနှီးတည်ထောင်သူ၊ ရင်းနှီးမြှုပ်နှံသူများ၏ အခွင့်အရေးရပိုင်ခွင့်များကို ဆောင်ရွက်ပေးနိုင်ရန်နှင့် နိုင်ငံတော်အတွက် အခွန်အခများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားခဲ့ပြီးနောက် သီလဝါအထူးစီးပွားရေးဇုန် ZONE(A) အတွင်းရှိ ZIFAM PYREX CO., LTD ၏ ဆေးဝါးထုတ်လုပ်ရေးစက်ရုံတွင် ထုတ်လုပ်ရောင်းချနေသော ဆေးဝါးပစ္စည်းများအား သွားရောက်လှည့်လည် ကြည့်ရှုစစ်ဆေးကာ (၁၅:၀၀) အချိန်တွင် သီလဝါအထူးစီးပွားရေးဇုန်မှ ပြန်လည်ထွက်ခွာခဲ့ပါသည်။





# Zoom Meeting Application ကို အသုံးပြု၍ ကျင်းပပြုလုပ်ခဲ့သည့် ပြတင်းတစ်ပေါက် စနစ်ဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ (Single Window Working Group) ၏ ဆဋ္ဌမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး





၁၃-၁-၂၀၂၃ ရက်နေ့၊ (၀၉:၀၀) နာရီအချိန်တွင် Zoom Meeting Application ကို အသုံးပြု၍ ကျင်းပပြုလုပ်ခဲ့သည့် ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ (Single Window Working Group) ၏ ဆဋ္ဌမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား အကောက်ခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ ဦးဆောင်၍ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးရည်ရွက်ချက်မှာ အမျိုးသားအဆင့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ၏ ၂/၂၀၂၂ ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များနှင့် ပြတင်းတစ်ပေါက်စနစ်ဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ပဉ္စမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေများ၊ Article (၆) ခုနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို အမျိုးသားအဆင့်ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးကော်မတီ၏ ၁/၂၀၂၃ အစည်းအဝေး မကျင်းပမီ ရှင်းလင်းဆွေးနွေးရန် ရည်ရွယ်၍ ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ သက်ဆိုင်ရာဌာနအသီးသီးမှ ပါဝင်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို (၁၂:၃၀) နာရီတွင် ရုပ်သိမ်းခဲ့ပါသည်။

# အကောက်ခွန်လုပ်ငန်းခွင် မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၃) အား သင်တန်းပို့ချခြင်း



စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ၊ လေ့ကျင့်ရေးဌာနစု၊ အကောက်ခွန်သင်တန်းကျောင်း၏ (၁၆-၁-၂၀၂၃) ရက်နေ့မှ (၁၆-၂-၂၀၂၃) ရက်နေ့အထိ ဖွင့်လှစ်သည့် အကောက်ခွန်လုပ်ငန်းခွင်မွမ်းမံသင်တန်းအမှတ်စဉ် (၁/၂၀၂၃) အား သင်တန်းဖွင့်လှစ်ခဲ့ရာ (၃၁-၁-၂၀၂၃) ရက်နေ့တွင် ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေမှ အကောက်ခွန်ဦးစီးဌာနဆိုင်ရာ ဘာသာရပ်အား သင်တန်းပို့ချခဲ့ပြီး သင်တန်းသားဦးရေ (၆၂) ဦး တက်ရောက်ခဲ့ပါသည်။



# ရန်ကုန်(ရုံးချုပ်) မှ OSS စစ်ဆေးရေးစခန်းများ၊ အမြဲတမ်းစစ်ဆေးရေး စခန်းများနှင့် ပူးပေါင်းစစ်ဆေးရေးစခန်းသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရမည့် အရာထမ်း/ အမှုထမ်းများအား တွေ့ဆုံခြင်း



၆-၁-၂၀၂၃ ရက်နေ့၊ နံနက် (၀၉:၀၀) နာရီအချိန်တွင် အကောက်ခွန် (သင်တန်းကျောင်းခန်းမ) ၌ ရန်ကုန် (ရုံးချုပ်) မှ OSS စစ်ဆေးရေးစခန်းများ၊ အမြဲတမ်းစစ်ဆေးရေးစခန်းများနှင့် ပူးပေါင်းစစ်ဆေးရေး စခန်းသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရမည့် အရာထမ်း/ အမှုထမ်းများအား ဒုတိယညွှန်ကြားရေးမှူးချုပ် (နယ်ရုံးများကြီးကြပ်ရေး) ဦးရဲထွဋ်အောင်မှ ဦးဆောင်၍လုပ်ငန်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ တွေ့ဆုံ မှာကြားခဲ့ပြီး အခမ်းအနားသို့ ညွှန်ကြားရေးမှူးများ၊ အရာထမ်းနှင့် အမှုထမ်း စုစုပေါင်း(၈၈)ဦး တက်ရောက် ခဲ့ကြပါသည်။



# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၆၂၂၁.၂၀၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/ တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေတားဆီး အရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီလ (၁) ရက်နေ့ မှ (၃၁) ရက်နေ့အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၂၆၅) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၆၂၂၁.၂၀၁) သန်းဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ ဖမ်းဆီးမှု

(၁၃-၁-၂၀၂၃) ရက်နေ့တွင် အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ Royal Empire King Co., Ltd. မှ ED No. (200096797950) (13.1.2023)၊ ကုန်သေတ္တာအမှတ် (OOLU6815482) (1X40’) ဖြင့် နီပေါနိုင်ငံသို့ တင်ပို့မည့် Yellow Maize (27000kg) အား စစ်ဆေးရာ ED တွင် ကြေညာထားသည်နှင့် ကွဲလွဲပါရှိလာသော ကွမ်းသီး (1 bag x 50 kg) (484) အိတ် (24200) kgs၊ ခန့်မှန်းတန်ဖိုးကျပ် (၁၂၇,၀၅၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။





## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၆၂၂၁.၂၀၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ရန်ကုန် တားဆီး/ ဖမ်းဆီးမှု





(၁၁-၁-၂၀၂၃) ရက်နေ့ (၁၂:၃၀) အချိန်ခန့်တွင် China Eastern Airlines လေယာဉ်ခရီးစဉ်အမှတ်၊ (MU-2031/ SF-0247) ဖြင့်တရုတ်နိုင်ငံမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာသော ခရီးသည်ဝန်စည်အား ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ကျောက်စိမ်းဟု ယူဆရသည့် ဆွဲသီး (အသေး) (၂၄၅)ခု အပါအဝင်ကုန်ပစ္စည်း (၇) မျိုး၊ ခန့်မှန်းတန်ဖိုးကျပ်(၁,၅၀၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လုပ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၆၂၂၁.၂၀၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ ဖမ်းဆီးခြင်း

(၆-၁-၂၀၂၃) ရက်နေ့ (၂၂:၀၀) အချိန်ခန့်တွင် မန္တလေးမြို့မှ မူဆယ်မြို့သို့ မောင်းနှင်လာသော ယာဉ်အမှတ်၊ (FF/7649) NISSAN AD VAN အား (၁၆) မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ပူးပေါင်းအဖွဲ့မှ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျွန်းသစ်ဟုယူဆရသော သစ် (၁၂) ချောင်း၊ (၀.၃၅၅) တန်၊ ခန့်မှန်းတန်ဖိုးကျပ် (၃၉၀,၅၀၀/-) ခန့်အားလည်းကောင်း၊ တောရိုင်းတိရစ္ဆာန်နှင့် ငှက်မျိုးစုံ (၉) မျိုး၊ စုစုပေါင်း (၁၂၀) ကောင်၊ ခန့်မှန်းတန်ဖိုးကျပ် (၁,၁၈၀,၀၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ် ယာဉ်အမှတ်၊ (FF/7649) NISSAN AD VAN ၊ ခန့်မှန်းတန်ဖိုးကျပ် (၁၂,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။







## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၆၂၂၁.၂၀၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### နယ်မြေများတွင် တားဆီး/ ဖမ်းဆီးခြင်း






(၃၀-၁-၂၀၂၃) ရက်နေ့တွင် သထုံမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသော ယာဉ်အမှတ် (4I-8323) (Hino) (12W) အား မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့မှ စစ်ဆေးခဲ့ရာ အမှတ်(၁) သတ္တုတွင်းလုပ်ငန်းမှ ခွင့်ပြုထုတ်ပေးသည့် ဓာတ်သတ္တု သယ်ယူပို့ဆောင်ခွင့်လက်မှတ်ပါ သယ်ယူပို့ဆောင်ခွင့်အမှတ် (၄၈၃၃/၂၀၂၂) တွင် ပူးတွဲဖော်ပြထားသော စည်းကမ်းသတ်မှတ်ချက်များအား ကျူးလွန်ဖောက်ဖျက်မှုရှိကြောင်း စစ်ဆေးတွေ့ရှိရသည့် (4I-8323) ယာဉ်ပေါ်ရှိ ခနောက်စိမ်း (50Kgx1Bag) (300Bags) (15Tons) ခန့်မှန်းတန်ဖိုးကျပ် (၄၅,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်၊ (4I-8323) (12W) (HINO-PROFIA) (Mode-2003)၊ ခန့်မှန်းတန်ဖိုးကျပ် (၄၀,၀၀၀,၀၀၀/-) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၆၂၂၁.၂၀၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု








(၂၀-၁-၂၀၂၃)ရက်နေ့ (၁၂:၃၀) အချိန်ခန့်တွင် သံဖြူဇရပ်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်အမှတ်၊ (2R–4487) (မန္တလာမင်း ခရီးသည်တင်မှန်လုံ) အား မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ စစ်ဆေးရာ အဖြူရောင် ဆာလာအိတ်အတွင်း၌ ဆေးခြောက်ဟု ယူဆရသောပုံဆောင်ခဲ Block တုံး၊ (၇၆၀)ဂရမ်၊ ခန့်မှန်းတန်ဖိုးကျပ်(၃၀၄,၀၀၀/–)ခန့်အားလည်းကောင်း၊ အခင်းဖြစ်ယာဉ်အမှတ်၊ (2R/4487) (Express) (Brand–HIGER) (C/O–China)၊ ခန့်မှန်းတန်ဖိုးကျပ် (၇၁,၀၀၀,၀၀၀/–) ခန့်အား လည်းကောင်း အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

**အကောက်ခွန်ဦးစီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအတွင်း ခန့်မှန်းတန်ဖိုးကျပ်**

**(၆၂၂၁.၂၀၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း**

**ထူးခြားဖမ်းဆီးမှု**

(၂၀-၁-၂၀၂၃) ရက်နေ့ (၁၂:၃၀) အချိန်ခန့်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ အကောက်ခွန်နှင့် ပူးပေါင်းအဖွဲ့သည် ပိန်းဆာကျေးရွာအနီး ရှောင်ကွင်းလမ်းတစ်နေရာတွင် ပိုင်ရှင်မဲ့ စုပုံထားသော ပစ္စည်းများအား တွေ့ရှိသဖြင့် စစ်ဆေးခဲ့ရာ Brand Name – Wanhua ၊ (Professional – FM –Transceiver) (80) U ၊ ခန့်မှန်းတန်ဖိုးကျပ် (၈,၀၀၀,၀၀၀/-) ခန့်အား အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

